

# အာဏာသိမ်းမှုနှင့်ချက် အပြောင်းအလဲ

## မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် စစ်အုပ်စု ထိန်းချုပ်မှု ကျဉ်းမြောင်းလာခြင်း

ဤအကျဉ်းချုပ် စာတမ်းတွင် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက် KPSN က ပြုစုထားသော အချက်အလက်များနှင့် မြေပုံများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းချိန်မှ စ၍ စကစ စစ်အုပ်စု၏ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းကို ထိန်းချုပ်နိုင်စွမ်းသည် စစ်ရေးနှင့် အုပ်ချုပ်မှု အတိုင်းအတာ နှစ်ခု စလုံးတွင် သိသိသာသာ မှေးမှိန်ကျဆင်းလာနေကြောင်း သက်သေအဖြစ် ပြသနေပေသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လသို့ ရောက်သောအခါ ကရင့်အမျိုးသား အစည်းအရုံး/ ကရင့်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNU/KNLA နှင့် မဟာမိတ်များ ၏ စစ်ရေး ထိုးစစ်များ၏ ရလာဒ်အဖြစ် စစ်ကောင်စီသည် စစ်စခန်း ၆၂ ခု ဆုံးရှုံးခဲ့သည်။ အလားတူ စကစ အနေဖြင့်လည်း ၎င်းတို့လက်အောက်ရှိ ကျောင်းပေါင်း ၃၇၀ အပေါ်ထိန်းချုပ်နိုင်မှုအား လက်လွတ်ဆုံးရှုံးခဲ့ရပြီး ယခုအချိန်တွင် KNU ပညာရေးဌာန၏ အုပ်ချုပ်စီမံမှုအောက်တွင် ရှိနေပြီဖြစ်သည်။ KNLA တပ်ပေါင်းစုများသည် သူတို့၏ ထိန်းချုပ်နယ်မြေများကို တိုးချဲ့လာပြီး ယခုအခါ စစ်အုပ်စု၏ ရန်ကုန်နှင့် နေပြည်တော် အကြား သယ်ယူပို့ဆောင်ရေး ဗဟို သွေးလွှတ်ကြောကို တိုက်ရိုက် ခြိမ်းခြောက်လာခဲ့သည်။ စစ်ကောင်စီ၏ အရှိန်မြှင့်လာသော လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများသည် သူတို့၏ ဆုံးရှုံးသွားသောနယ်မြေများကို မရယူနိုင်ခဲ့သော်လည်း ကော်သူးလေတွင် စစ်ရှောင် အရေအတွက်ကို အနည်းဆုံး ၆၃၇,၄၁၄ အထိ များလာစေသည်အထိ တွန်းပို့နိုင်ခဲ့သည်။ ယင်းမှာ ယခုနှစ် ဖေဖော်ဝါရီမှ စတွက်လျှင် ၁၈% တိုးလာခြင်း ဖြစ်သည်။ ဤစစ်ရှောင်များ၏ အရေးပေါ် ဆန်လိုအပ်ချက်အတွက် နယ်စပ်ဖြတ်ကျော် ထောက်ပံ့ရန် KPSN က အမေရိကန်ဒေါ်လ ၄၃ သန်း ပေးရန် အရေးပေါ်တောင်းဆိုထားသည်။

**မဖြစ်မနေစွန့်ခွာခဲ့ရသော (သို့) သိမ်းပိုက်ခံခဲ့ရသော စကစ စခန်းများ**
(ဖေဖော်ဝါရီ- ဒီဇင်ဘာ ၂၀၂၁)




**မဖြစ်မနေစွန့်ခွာခဲ့ရသော (သို့) သိမ်းပိုက်ခံခဲ့ရသော စကစ စခန်းများ**
(ဖေဖော်ဝါရီ ၂၀၂၁ - ဂျူလိုင် ၂၀၂၃)




KPSN အကြောင်း

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည် မြန်မာနိုင်ငံအတွင်း ကရင်လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ရက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံမှုကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ ပြည်တွင်းနေရပ်စွန့်ခွါထွက်ပြေးတိမ်းရှောင်နေရသူများနှင့်ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားချင်းစာနာမှု အထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသားလူမှုအသိုင်းအဝန်းများကိုလုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည်တန့်မည့်၊ တန်းတူညီမျှသောငြိမ်းချမ်းရေးရရှိရေး စည်းရုံးလှုံ့ဆော်ခြင်းများဆောင်ရွက်သည်။

September 26, 2023

## ကော်သူးလေတွင်ပိုမိုတိုးများလာနေသော စစ်ကောင်စီ၏ စစ်စခန်း ဆုံးရှုံးမှုများ

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၂၃ ဇူလိုင်လတို့ရှိ သိမ်းဆည်းခံရသော သို့မဟုတ် မဖြစ်မနေ စွန့်ခွာခဲ့ရသော စစ်ကောင်စီ စစ်တပ်စခန်း နေရာများပြ မြေပုံများအား နှိုင်းယှဉ်ချက်ပြုလုပ်ရာတွင် တိုးမြင့်လာနေသော ဆုံးရှုံးမှုကို တွေ့မြင်နေရသည်။ စစ်အာဏာသိမ်းပြီး ဆယ့်တစ်လ အကြာ ၂၀၂၁ ခုနှစ် ကုန်တွင် စစ်ကောင်စီ တပ်စခန်း ၂၁ ခု ဆုံးရှုံးခဲ့ပြီး ဆယ့်ရှစ်လအကြာ ၂၀၂၃ ခုနှစ် နှစ်လယ်တွင်မူ နောက်ထပ် စစ်စခန်း ၄၁ ခု ဆုံးရှုံးခဲ့ရသည်။ စစ်ကောင်စီ ဆုံးရှုံးမှုများကို အစားထိုးဝင်ရောက်လာသည့် နယ်မြေသည်လည်း ကျယ်သည်ထက် ကျယ်လာသည်ကို မြေပုံများက မီးမောင်းထိုးပြနေသည်။ ၂၀၂၁ ခုနှစ်တွင် ဆုံးရှုံးမှုများမှာ မူတြော်နှင့် ဒူးသထူ ခရိုင်များအတွင်းတွင်သာ အကန့်အသတ်နှင့် ရှိနေခဲ့သော်လည်း ၂၀၂၃ ခုနှစ်လယ်တွင်မူ ဆုံးရှုံးမှုများသည် တောအူးနှင့် ခလယ်လွီထူ ခရိုင်များ တလျှောက် မြောက်ဘက်သို့ နှင့် ဒူးပလာယာ ခရိုင်အတွင်း တောင်ဘက်သို့ ကျယ်ပြန့်သွားခဲ့သည်။

| မဖြစ်မနေ စွန့်ခွာခဲ့ရသော (သို့) သိမ်းပိုက်ခံခဲ့ရသော စကစ စခန်းများ (ဖေဖော်ဝါရီလ ၂၀၂၁ - ဂျူလိုင်လ ၂၀၂၃) | | | | |
|---|---|---|---|---|
| ခရိုင် | သိမ်းပိုက်ခံခဲ့ရသော စကစ စခန်းများ | စွန့်ပစ်ခဲ့ရသော စကစ စခန်းများ | သိမ်းပိုက်ခံခဲ့ရပြီး လက်ရှိပြန်လည်တပ်စွဲထားသော စခန်းများ | စွန့်ပစ်ခဲ့ရပြီး လက်ရှိပြန်လည်တပ်စွဲထားသော စခန်းများ |
| ဒူးသထူ (သထုံ) | ၁ | ၁၆ | ၀ | ၁ |
| တောအူး (တောင်ငူ) | ၀ | ၆ | ၀ | ၀ |
| ခလယ်လွီထူ (ညောင်လေးပင်) | ၁၀ | ၃ | ၀ | ၀ |
| မဂွီး-တဗွိုင်း (တနင်္သာရီ) | ၀ | ၁ | ၀ | ၀ |
| မူတြော် (ဖာပွန်) | ၈ | ၁၃ | ၀ | ၀ |
| ဒူးပလာယာ | ၅ | ၀ | ၇ | ၀ |
| ဖားအံ | ၀ | ၀ | ၀ | ၀ |
| စုစုပေါင်း | ၂၄ | ၃၈ | ၇ | ၁ |

ကော်သူးလေတွင် သိမ်းဆီးခံရသော သို့မဟုတ် မဖြစ်မနေ စွန့်ခွာခဲ့ရသော စစ်ကောင်စီ စခန်းများ
(၂၀၂၁ ဖေဖော်ဝါရီ- ၂၀၂၃ ဇူလိုင်)

### မဖြစ်မနေစွန့်ခွာခဲ့ရသော (သို့) သိမ်းပိုက်ခံခဲ့ရသော စကစ စခန်းများ

မြေမျက်နှာသွင်ပြင် နှင့် ခြေခံအဆောက်အအုံပြ မြေပုံ




မြေမျက်နှာ သွင်ပြင်ပြ မြေပုံတွင် KNU စစ်ရေး လှုပ်ရှားမှုသို့ ဆုံးရှုံးခဲ့ရသော စစ်ကောင်စီ အခြေစိုက်စခန်းများနှင့် သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံနှင့် မြေမျက်နှာ သွင်ပြင်တို့ ဆက်စပ်နေပုံကို ပြသနေသည်။ KNU ၏ အသိသာအထင်ရှားဆုံး ဗျူဟာမြောက် အောင်မြင်မှုမှာ သံလွင်မြစ်၏ ထိုင်းနိုင်ငံ နယ်နိမိတ်ကြောင်း အပါအဝင် ၎င်း၏ မြောက်ပိုင်း နယ်မြေများ၏ အနောက်ဘက်နှင့် အရှေ့ဘက် နယ်နိမိတ်များကို ထိန်းချုပ်မှု ပိုမိုရလာခြင်း ဖြစ်သည်။ ထိုမျှသာမက မြန်မာနိုင်ငံ အလယ်ပိုင်းမှ ၎င်းထိန်းချုပ် နယ်မြေများသို့ အဓိကကျသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများလည်း ပါဝင်သည်။ ယင်းသည်ဤဒေသအတွင်းရှိ စစ်ကောင်စီ စစ်စခန်းများသို့ စစ်အုပ်စု၏ ဤထောင်ထူထပ်သော မြေမျက်နှာ သွင်ပြင်တွင် လှုပ်ရှားနေကြသော ခုခံရေး တပ်ဖွဲ့များအပေါ် စစ်ဆင်ရေး လုပ်ဆောင်ရန် အတွက် ၎င်းတို့၏ ထောက်ပံ့နိုင်စွမ်းကို အပြင်းအထန် ချိနဲ့သွားစေမည်ဖြစ်သည်။ KNU ၏ အနောက်ဘက်နှင့် တောင်ဘက်သို့ ချဲ့ထွင်ခြင်းသည် စစ်အစိုးရ၏ ရန်ကုန်-နေပြည်တော် ဆက်သွယ်ရာ အဓိက ကား နှင့် ရထား လမ်းကြောင်းကိုသာမက ရန်ကုန်မှ ထိုင်းနယ်စပ် မြဝတီအထိ အာရှလမ်းမ ကုန်သွယ်ရေးစင်္ကြံအတွက် သိသာထင်ရှားသော ခြိမ်းခြောက်မှုတစ်ရပ်လည်း ဖြစ်ပေသည်။

ယင်း စစ်ကောင်စီ၏ နယ်မြေဆုံးရှုံး

မှုများသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အုပ်ချုပ်ရေး အာဏာပိုင်ဆိုင်မှုကို စီမံရန် စစ်အုပ်စု၏ စွမ်းရည်ကို သိသာထင်ရှားစွာ သက်ရောက်ပေသည်။ စစ်အုပ်စုကို သစ္စာခံဆဲဖြစ်သော အစိုးရ ဝန်ထမ်းအရေအတွက်မှာလည်း လျော့နည်းလာနေပြီး လူမှုရေး ဝန်ဆောင်မှု ကဏ္ဍ အပါအဝင် ၎င်း၏ ကိုယ်ပိုင် အုပ်ချုပ်ရေး ယန္တယားများကို ပိုမို ကျစ်လစ်အောင် တိုးတက်လုပ်ဆောင်လာနိုင်သော KNU ၏ တိုးချဲ့လာသော ကော်သူးလေ နယ်မြေများအကြား စစ်ကောင်စီ၏ အတွင်းပိတ် ထိန်းချုပ်ဒေသများတွင်သာ သီးခြားရှိနေပေတော့သည်။ ယင်းအကြောင်းကို အောက်ပိုင်းတွင် ဖော်ပြထားသော ပညာရေး ဆိုင်ရာ အုပ်ချုပ်မှု စီမံခန့်ခွဲမှု ကဏ္ဍတွင် အသေးစိတ် ဖော်ပြထားသည်။

လက်နက်ကြီးပစ်ခတ်မှု အရေအတွက်များ ဖေဖော်ဝါရီလ ၂၀၂၁ - ဂျူလိုင်လ ၂၀၂၃




လေကြောင်းတိုက်ခိုက်မှု အရေအတွက်များ ဖေဖော်ဝါရီလ ၂၀၂၁ - ဂျူလိုင်လ ၂၀၂၃




| စကစ လက်နက်ကြီးပစ်ခတ် တိုက်ခိုက်မှုများ နှင့် သေဆုံး ဒဏ်ရာရမှုများ ဖေဖော်ဝါရီလ ၂၀၂၁ - ဂျူလိုင်လ ၂၀၂၃ | | | |
|---|---|---|---|
| ခရိုင် | လက်နက်ကြီး ပစ်ခတ်မှု အကြိမ်အရေအတွက်များ | ဒဏ်ရာရရှိမှုများ | သေဆုံးမှုများ |
| ဒူးသထူ (သထုံ) | ၃၀၇ | ၉၆ | ၂၅ |
| တောအူး (တောင်ငူ) | ၂၃ | ၁၉ | ၁ |
| ခလယ်လွို့ထူ (ညောင်လေးပင်) | ၂၄၀ | ၆၈ | ၁၄ |
| မဂွီး-တစ္ဂိုင်း (တနင်္သာရီ) | N/A | N/A | N/A |
| မူကြော် (ဖာပွန်) | ၅၁၀ | ၆၄ | ၃၂ |
| ဒူးပလာယာ | ၉၈ | ၉၅ | ၁၆ |
| ဖားအံ | N/A | N/A | N/A |
| စုစုပေါင်း | ၁,၁၇၈ | ၃၄၂ | ၈၈ |

| စကစ လေကြောင်းတိုက်ခိုက်မှုများ နှင့် သေဆုံး ဒဏ်ရာရမှုများ ဖေဖော်ဝါရီလ ၂၀၂၁ - ဂျူလိုင်လ ၂၀၂၃ | | | |
|---|---|---|---|
| ခရိုင် | လေကြောင်းတိုက်ခိုက်မှု အကြိမ်အရေအတွက်များ | ဒဏ်ရာရရှိမှုများ | သေဆုံးမှုများ |
| ဒူးသထူ (သထုံ) | ၂၀ | ၅ | ၁ |
| တောအူး (တောင်ငူ) | ၆ | ၅ | ၀ |
| ခလယ်လွို့ထူ (ညောင်လေးပင်) | ၅၃ | ၉ | ၁၀ |
| မဂွီး-တစ္ဂိုင်း (တနင်္သာရီ) | N/A | N/A | N/A |
| မူကြော် (ဖာပွန်) | ၈၂ | ၃၃ | ၁၉ |
| ဒူးပလာယာ | ၄၈ | ၉၃ | ၆ |
| ဖားအံ | N/A | N/A | N/A |
| စုစုပေါင်း | ၄၁၇ | ၁၄၅ | ၄၁ |

## တိုးမြင့်လာသော စစ်ကောင်စီ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများ

မိမိတို့၏ အချက်အလက်များက အာဏာသိမ်းကာလ ပထမ ၁၅ လနှင့် နှိုင်းယှဉ်ပါက လွန်ခဲ့သည့် ၁၅ လ ကာလအတွင်း စစ်ကောင်စီ၏ လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုများနှင့် လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း အရေအတွက်သည် သိသိသာသာ တိုးတက်လာသည်ကို တွေ့ရသည်။ မိမိတို့ မြေပြင်ရှာဖွေတွေ့ရှိမှုများမှ မီးမောင်းထိုးပြထားသည်မှာက စစ်ကောင်စီသည် တောအူး နှင့် ဒူးပလာယာ ခရိုင်များထက် မူကြော်၊ ခလယ်လွို့ထူ နှင့် ဒူးသထူ ခရိုင်များတွင် လက်နက်ကြီး တိုက်ခိုက်မှုများကို ပိုမို မှီခိုအားထားကြောင်း ပြသနေသည်။ မူကြော် ခရိုင်အတွင်းတွင် လက်နက်ကြီး အသုံးပြုမှုကြောခဏ ရှိနေသေးသော်လည်း လွန်ခဲ့သည့် ၁၅ လ အတွင်းတွင် ယခင်ကာလနှင့် နှိုင်းယှဉ်ပါက အရေအတွက်မှာ ၃၅% ကျဆင်းသွားခြင်းဖြင့် စစ်ကောင်စီသည် ထိုနေရာတွင် ထိန်းချုပ်မှု ကျဆင်းသွားသည်ကို ပြသနေသည်။

| စကစ လက်နက်ကြီး နှင့် လေကြောင်း၏ ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ရသော အရပ်သား အခြေခံအဆောက်အအုံများ (ဖေဖော်ဝါရီလ ၂၀၂၁ – ဂျူလိုင်လ ၂၀၂၃) | | | | |
|---|---|---|---|---|
| ခရိုင် | ကျောင်း | ဘုရားကျောင်း | ဘုန်းကြီးကျောင်း | ဆေးခန်း |
| ဒူးသထူ (သထုံ) | ၁ | ၀ | ၄ | ၀ |
| တောအူး (တောင်ငူ) | ၂ | ၂ | ၁ | ၁ |
| ခလယ်လွီထူ (ညောင်လေးပင်) | ၆ | ၂ | ၀ | ၂ |
| မဂွီး–တဖြိုင်း (တန်သာရီ) | ၀ | ၁ | ၀ | ၀ |
| မူတြော် (ဖာပွန်) | ၈ | ၄ | ၁ | ၂ |
| ဒူးပလာယာ | ၂ | ၆ | ၄ | ၁ |
| ဖားအံ | ၀ | ၀ | ၀ | ၀ |
| **စုစုပေါင်း** | ၁၉ | ၁၅ | ၁၀ | ၆ |

ရေးဆွဲထားသော မြေပုံများက လေကြောင်းတိုက်ခိုက်မှုများကို စစ်ကောင်စီ၏ အမြောက်တပ်စခန်းကုန်းများ နည်းပါးသည့် ဒေါန တောင်ကြော၏ အနောက်ဖက် ပြန့်ပြူးသော မြေမျက်နှာ သွင်ပြင်ရှိသည့်အတွက် ခုခံရေး တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကို ကာကွယ်ရာတွင် မြေပြင် လက်နက်ကြီးထက် လေကြောင်းစွမ်းအား မရှိမဖြစ်လိုအပ်သည့် ဒူးပလာယာ ခရိုင်တွင် အပြင်းထန်ဆုံး အသုံးပြုသည်ကို ပြသနေသည်။

ပစ်မှတ်သပ်သပ်မှတ်မှတ်မထားပဲ အရပ်သားများ အများအပြား နေထိုင်သည့် နယ်မြေများ သာမက ဘာသာရေး အဆောက်အအုံများ၊ ကျောင်းများနှင့် ဆေးခန်းများ စသည့် လူထု အခြေခံ အဆောက်အအုံများကို တိုက်ရိုက်ပစ်မှတ်ထားကာ ပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများကို အသုံးပြုခြင်းသည် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်း၏ အဓိက အကြောင်းရင်း ဖြစ်သည်။



စကစ၏ လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရ ခဲ့သော ခလယ်လွီထူ(ညောင်လေးပင်) ခရိုင်ရှိ ကလေးငယ်



မူတြော် (ဖာပွန်) ခရိုင်အတွင်း စကစ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဒေသခံကျောင်း



မူတြော် (ဖာပွန်) ခရိုင် ထီးဂေါ်ထရွာတွင် စကစ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ပြည်သူများ



ဒူးပလာယာခရိုင်တွင် စကစ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြိုကျ ပျက်စီးသွားခဲ့ရသော ထိုဒို ပန္နယ်ဖိုးကလိုး ဘုရားကျောင်း

# ကော်သူးလေတွင် စစ်ရှောင် အရေအတွက် မြင့်တက်လာနေခြင်း

**ဖေဖော်ဝါရီလ ၂၀၂၁ မှ စပြီး ကော်သူးလေ နယ်မြေအတွင်း များပြားလာသော စစ်ရှောင်အရေအတွက်**

၂၀၂၃ ဇူလိုင်လ အထိ စုစုပေါင်း စစ်ရှောင်အရေအတွက် - ၆၃၇,၄၁၄




| ဖေဖော်ဝါရီလ ၂၀၂၁ မှစပြီး ကော်သူးလေအတွင်းရှိ စစ်ရှောင်များ အရေအတွက် စုစုပေါင်း ( ၆၃၇-၄၁၄ ) | | | |
|---|---|---|---|
| ခရိုင် | ဩဂုတ်လ ၂၀၂၂ | ဖေဖော်ဝါရီလ ၂၀၂၃ | ဇူလိုင်လ ၂၀၂၃ |
| ဒူးသထူ (သထုံ) | ၇၄,၇၀၅ | ၁၂၈,၅၃၀ | ၁၃၈,၅၃၀ |
| တောအူး (တောင်ငူ) | ၇,၅၃၇ | ၃၇,၄၃၅ | ၃၈,၅၄၇ |
| ခလယ်လွိုထူ (ညောင်လေးပင်) | ၆၁,၉၈၆ | ၁၄၂,၈၆၁ | ၂၁၆,၇၅၄ |
| မဂွီး-တဗွိုင်း (တနင်္သာရီ) | ၂၁,၆၁၄ | ၁၁,၈၂၀ | ၃၁,၀၃၃ |
| မူကြော် (ဖာပွန်) | ၉၆,၁၇၉ | ၁၀၄,၄၇၁ | ၈၈,၀၉၀ |
| ဒူးပလာယာ | ၈၅,၄၈၂ | ၉၇,၅၅၅ | ၁၁၇,၄၇၁ |
| ဖားအံ | - | ၁၀,၀၀၀ | ၆,၉၈၉ |
| စုစုပေါင်း | ၃၄၇,၅၀၃ | ၅၃၂,၆၇၂ | ၆၃၇,၄၁၄ |

အထက်ပါမြေပုံနှင့်ဇယားက ၂၀၂၃ ခုနှစ် ဇူလိုင်လ၏ အခြေအနေကို ပြနေခြင်းဖြစ်သည်။ ယခုအခါ ကော်သူးလေတွင် အနည်းဆုံး စစ်ရှောင် ဦးရေ ၆၃၀,၄၂၅ ဦးရှိနေပြီး ဖေဖော်ဝါရီလတွင်ရှိခဲ့သည့် ယခင်စုစုပေါင်း စစ်ရှောင် ၅၃၂,၆၇၂ ဦး ထက် ၁၈ % ပိုမိုများပြားလာခဲ့သည်။ ယင်းတွင် ကရင် အဖွဲ့အစည်းများ လက်လှမ်းမမီသော အထူးသဖြင့် ဒူးပလာယာနှင့် မြိတ်-ထားဝယ် ခရိုင်များမှ စစ်ရှောင်လူထု အချို့ ပါဝင်ခြင်းမရှိသေးပါ။

စစ်ရှောင်အရေအတွက် တိုးများလာခြင်းသည် စစ်ကောင်စီ၏ ထိန်းချုပ်မှုကို ကျယ်ကျယ်ပြန့်ပြန့် ယှဉ်ပြိုင်နေခြင်းအပေါ် တိုက်ရိုက် ထင်ဟပ်နေသည်။ KNU နှင့် မဟာမိတ်များက နယ်မြေဆက်လက် တိုးချဲ့လာနေသည့်အတွက် စစ်ကောင်စီကလည်း ဒေသခံ လူထုများအပေါ် လက်နက်ကြီး တိုက်ခိုက်မှုများနှင့် လေကြောင်း တိုက်ခိုက်များကို တိုးမြင့်ပြုလုပ်လာခဲ့ရာ ဒေသခံများမှာ ကြောက်ရွံ့စွာ ထွက်ပြေးကြရသည်။ စစ်ရှောင်အရေအတွက် အနည်းငယ်ကျဆင်းသွားသော တစ်ခုတည်းသော ခရိုင်မှာ မူကြော် ခရိုင် ဖြစ်သည်။ ယင်းမှာ KNU က ၎င်း၏ နယ်မြေ ထိန်းချုပ်မှုကို ပိုမိုတင်းကြပ်လာခဲ့ပြီး လူထုများကို လက်နက်ကြီး တိုက်ခိုက်မှုများမှ အကာအကွယ် ပေးနိုင်စွမ်း မြင့်မားလာသောကြောင့် ဖြစ်သည်။

ကံဆိုးစွာပင် UNOCHA က မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ စစ်ရှောင်အရေအတွက် စုစုပေါင်းကိုဆက်လက်ပြီးအလွန်အကျုံလျှော့နည်းစွာ ခန့်မှန်းနေဆဲပင်ဖြစ်သည်။ ၎င်းတို့၏ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ အစီရင်ခံစာတွင် ကော်သူးလေ နယ်မြေများအားလုံးအတွက် စစ်ရှောင်အရေအတွက် စုစုပေါင်းကို ၃၂၂,၆၀၀ သာ အစီရင်ခံထားသည်။ ရန်ကုန်အခြေစိုက် ကုလသမဂ္ဂ အေဂျင်စီများသည် စစ်ကောင်စီ၏ ကန့်သတ်မှုများအောက်တွင် လုပ်ငန်း လည်ပတ်ရသည်ဖြစ်ရာ ကော်သူးလေ၏ အစိတ်အပိုင်း အများစုကို လက်တွေ့ လက်လှမ်းမီခြင်း မရှိ



စကစ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသော ခလယ်လွိုထူ(ညောင်လေးပင်) ခရိုင် ဆောထိမြို့နယ်ရှိ ချုံအင်းကျေးရွာသူတစ်ဦး

ရာ ၎င်းတို့၏ ကိန်းဂဏန်းများမှာ မေးခွန်းထုတ်စရာဖြစ်နေသည်။ အထူးသဖြင့် လူသားချင်းစာနာမှု ငွေကြေးထောက်ပံ့မှု အများစုကို ရန်ကုန်က တဆင့်လမ်းကြောင်းဖွင့်ထားသော အလှူရှင်နိုင်ငံများကိုလည်း မေးခွန်းထုတ်စရာ ဖြစ်သည်။

တိုးများလာသော စစ်ရှောင်အရေအတွက်နှင့် လူတစ်ဦးအတွက် ၆ လစာ လိုအပ်ချက်အပေါ် အခြေခံ တွက်ချက်မှုအရ လက်ရှိ စားနပ်ရိက္ခာ အကျပ်အတည်းကို ဖြေရှင်းရန် လာမည့် ၁၂ လအတွက် လိုအပ်ချက်မှာ အနည်းဆုံး အမေရိကန် ဒေါ်လာ ၄၂ ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဤအခြေခံ အစားအစာအမျိုးအစားအပြင် အစားအစာမဟုတ်သော အမျိုးအစားများဖြစ်သည့် အဆောက်အအုံများ၊ ဆေးဝါးများ၊ ကျောင်း ထောက်ပံ့မှု၊ သာမက ကလေးနှင့် အမျိုးသမီးများအတွက် သီးခြား အကူအညီတို့လည်း အရေးပေါ် လိုအပ်လျက်ရှိသေးသည်။ ဤစစ်ရှောင်များအား အပြည့်အ၀ ကူညီနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ကရင် အရေးပေါ် ကယ်ဆယ်ရေး အဖွဲ့ (KERT) ကဲ့သို့သော ဒေသခံအစည်းအဖွဲ့များဖြင့် ဖွဲ့စည်းထားသော အကူအညီပေးရေးအဖွဲ့များမှတဆင့် ကူညီခြင်းဖြစ်သည်။

## KNU အတွင်းနှင့် ကော်သူးလေ၏ ရောစပ် အုပ်ချုပ်ရေး နယ်မြေများရှိ ပညာရေး အုပ်ချုပ်မှု

စစ်တပ်အာဏာမသိမ်းမီကာလတွင် KNU မှလုံ၀အုပ်ချုပ်ထားသောနယ်မြေ (သို့) ရောစပ် အုပ်ချုပ်သည့်နယ်မြေများ (နေပြည်တော် အစိုးရမှ တစိတ်တပိုင်းထိန်းချုပ်ထာသော) အတွင်း ကျောင်းပညာရေးမှာ ပုံစံသုံးမျိုးဖြင့် တည်ရှိခဲ့သည်။

၁။ “ကရင် ပညာရေးနှင့် ယဉ်ကျေးမှု ဌာန” (KECD) အောက်တွင် လည်ပတ်သော KNU အစိုးရ ကျောင်းများ၊ ၎င်းတို့၏ ကိုယ်ပိုင် သင်ရိုးညွှန်းတမ်းကို အသုံးပြုပြီး ဒေသခံ သမိုင်းနှင့် ယဉ်ကျေးမှုများကို မိခင်ဘာသာစကား ဖြင့် သင်ကြားသည်။

၂။ ပုဂ္ဂလိက နှင့် လူထု ကျောင်းများ၊ ယင်းကျောင်းများသည် KECD ၏သင်ရိုးညွှန်းတမ်းကို အသုံးပြုပြီး KNU ကို အစီရင်ခံသည်။

၃။ နေပြည်တော်အစိုးရ၏ပညာရေးဝန်ကြီးဌာန (MoE) မှ လည်ပတ်သော ကျောင်းများ။ မြန်မာဘာသာစကား အမျိုးသား သင်ရိုးညွှန်းတမ်းကို အသုံးပြုသည်။

မှတ်ချက်။ လူထု/ပုဂ္ဂလိက ကျောင်းများသည် KNU သို့မဟုတ် MoE မှ တိုက်ရိုက် အုပ်ချုပ်ခြင်းမရှိသဖြင့် ယင်းတို့ကို ဇယား သို့မဟုတ် မြေပုံများတွင်ထည့်သွင်းခြင်းမပြုပါ။ ၂၀၂၃ ခုနှစ်တွင် KNU အုပ်ချုပ်ရေး ခရိုင်များတွင်လူထုကျောင်း၃၂၄ ကျောင်းရှိပြီး KECD ၏ သင်ရိုးညွှန်းတမ်းကို အသုံးပြုပြီး အသုံးစားရိတ် အချို့ကို KECD မှလည်း ထောက်ပံ့သည်။ သို့ဖြစ်ရာ ၂၀၂၃ ခုနှစ်တွင် KNU နှင့် KNU နှင့် ဆက်စပ်သော ကျောင်း စုစုပေါင်း ၁,၂၃၃ ကျောင်းရှိသည်။

**စစ်တပ်အာဏာမသိမ်းမီ နှင့် အာဏာသိမ်းပြီး KNU နှင့် MoE တို့၏ ခရိုင်အတွင်း ပညာရေးအုပ်ချုပ်မှုပြောင်းလဲမှုများ**




ပညာရေးအချက်အလက်များသည် ၂၀၁၉/၂၀ မှ ၂၀၂၂/၂၃ မေလကုန်အထိရရှိသော အချက်အလက်များကို အခြေခံထားပါသည်။ ယခုအလက်များသည် ဒူးပလာယာခရိုင် နှင့် မဂွီး တဗွိုင်း (တနင်္သာရီ) ခရိုင်အတွင်း ရှိ အခြားသော တိုင်းရင်းသားအုပ်ချုပ်မှုများလက်အောက်ရှိ ပညာရေးအချက်အလက်များ မပါ၀င်ပါ။




| | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|
| KNU ကျောင်းများ | ၃၈၂ | ၄၄၀ | ၆၄၄ | ၉၀၉ |
| MoE ကျောင်းများ | ၃၇၀ | ၃၃၃ | ၆၈ | ၀ |




ထိုင်း-မြန်မာ နယ်စပ်ရှိ ကရင်အမျိုးသားအစည်းအရုံး၏ တရားဝင် ဆိုင်းဘုတ်



ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ်ရှိ KECD-တောနော်အထက်တန်းကျောင်း

အာဏာသိမ်းပြီးနောက်တွင် KNU နှင့် ရောစပ် အုပ်ချုပ်ရေး နယ်မြေများတွင် လည်ပတ်သောကျောင်းအမျိုးအစားများတွင်အပြောင်းအလဲ ကြီးကြီးမားမား ရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ စာသင်နှစ်တွင် အရေအတွက်အားဖြင့် ၃၈၂ ကျောင်းသာ ရှိခဲ့သော KECD ကျောင်းများမှာ သုံးဆနီးပါး တိုးများလာပြီး ၉၀၀ ကျော်ရှိလာခဲ့သည်။

တူညီသော ကာလအတွင်း ၂၀၁၉-၂၀၂၀ တွင် အရေအတွက် ၃၇၀ ရှိခဲ့သော MoE ကျောင်းများမှာ KNU နှင့် ရောနှော အုပ်ချုပ်ရေး နယ်မြေများအတွင်း ၂၀၂၃ ခုနှစ်တွင် အရေအတွက် သုညသို့ ကျဆင်းသွားခဲ့သည်။

KECD ကျောင်းအရေအတွက် ကြီးကြီးမားမား တိုးများလာခြင်းနှင့် MoE ကျောင်းများ ပြိုပျက်သွားခြင်းတို့သည် အာဏာသိမ်းချိန်မှစ၍ KNU နယ်မြေထိန်းချုပ်မှု ကျယ်ပြန့်လာမှုကို တိုက်ရိုက် ထင်ဟပ်နေပေသည်။ စစ်ကောင်စီ စစ်တပ်စခန်းများ များပြားစွာ ဆုံးရှုံးလာခြင်းနှင့် နေပြည်တော်၏ ထိန်းချုပ်မှု နည်းပါးလာခြင်းနှင့်အတူ ယခင် MoE ကျောင်းအများအပြားမှာ KNU အုပ်ချုပ်ရေး အောက်သို့ ရောက်ရှိလာပြီး ယခုအခါ KECD ကျောင်းများအဖြစ် လည်ပတ်လျက်ရှိနေကြသည်။ MoE ကျောင်းဆရာ အများအပြားမှာ CDM လှုပ်ရှားမှုတွင် ပူးပေါင်းခဲ့ကြပြီး ဖြစ်ပြီး KECD ကျောင်းများတွင် ပြောင်းရွှေ့ လုပ်ကိုင်နေကြသည်။ ပုဂ္ဂလိက နှင့် လူထုကျောင်းအများအပြားမှာလည်း ယခုအခါ KNU အောက်တွင် အပြည့်အဝ ရောက်ရှိလာကြပြီးဖြစ်သည်။

တချိန်တည်းမှာပင် စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီး အရှိန်မြှင့်ကာ ကျေးရွာများအား တိုက်ခိုက်ကြသောကြောင့် ခိုလှုံရန် ရောက်လာကြသော ကလေးငယ်များအတွက် အချို့နေရာများတွင် KECD က ကျောင်းအသစ်များ ဖွင့်လှစ်ပေးခဲ့ကြရသည်။

ပညာရေးအုပ်ချုပ်မှုမြေပုံကအာဏာသိမ်းချိန်မှစ၍ ကော်သူးလေ ခရိုင်တစ်ခုချင်းတွင် KNU ထိန်းချုပ်နှင့် ရောနှော အုပ်ချုပ်ရေး နယ်မြေများရှိ ကျောင်းအုပ်ချုပ်ရေး အပြောင်းအလဲများကို ပြသလျက်ရှိသည်။ KNU ခရိုင်များအားလုံးတွင် KECD လည်ပတ်သော ကျောင်းများအရေအတွက် ကြီးမားစွာ တိုးတက်လာသည့်အချိန်မှာပင် ဒူးပလာခရိုင်တွင် အပြောင်းအလဲ အကြီးမားဆုံး ဖြစ်ပွားခဲ့သည်။ ၂၀၁၉ ခု တွင် MoE မှ ကျောင်းအများစုကို အုပ်ချုပ်ခဲ့ရာမှ MoE ကျောင်း ၁၂၈ ကျောင်းနှင့် KECD ကျောင်း ၄၀- မှ ၂၀၂၃ ခုနှစ် ယခုတွင် KECD ကျောင်း ၁၆၀ ရှိလာပြီး လည်ပတ်နေသော MoE ကျောင်း မရှိတော့ပေ။

MoE မှ KECD အုပ်ချုပ်သော ကျောင်းများအဖြစ် ပြောင်းလဲသွားမှုသည် ဒေသခံ အများစု၏ ဘာသာစကားများနှင့် ယဉ်ကျေးမှု/သမိုင်းတို့ အပေါ် အခြေခံသော သင်ရိုးညွှန်းတမ်းဖြင့် ကျောင်းအားလုံး ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များအောက်တွင် တည်ရှိသည့် ကော်သူလေတွင် တိုးတက်သော ဖက်ဒရယ် ပညာရေး စနစ်တည်ဆောက်မှု ဆီသို့ သိသာထင်ရှားသော တိုးတက်မှုကို ကိုယ်စားပြုပေသည်။

KECD နှင့် ကရင် ဆရာများ အလုပ်အဖွဲ့တို့က ကော်သူလေတွင် အရေအတွက် တိုးများလာနေသော ကျောင်းများအတွက် လည်ပတ်စားရိတ်ကိုသာမက စစ်ကောင်စီ၏ အဆက်မပြတ် လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသော ကျောင်းများကို ပြန်လည် ပြုပြင်တည်ဆောက်နိုင်ရန် နိုင်ငံတကာအကူအညီကို ရှာဖွေလျက်ရှိသည်။

## ၂၀၂၃ ခုနှစ်အတွင်း စစ်ဘေးရှောင်များအတွက် နယ်စပ်ဖြတ်ကျော် စားနပ်ရိက္ခာထောက်ပံ့မှုများ










